# ဖြုတ်ညိုပိုး


## ကျရောက်သည့်အချိန်

ပျိုးခင်းမှ အနှံတည်စအချိန်အထိကျရောက်နိုင်ပါသည်။ ရာသီဥတုနှင့် ဆက်စပ်မှုအများဆုံးရှိသော ဖျက်ပိုးဖြစ်ပါသည်။

## ဖျက်ဆီးပုံလက္ခဏာ

ဖြုတ်ညိုပိုးကျရောက်ပါက စပါးပင်၏ပင်ရည်အား စုပ်ယူသဖြင့် စပါးရွက်များခြောက်သွေ့ကာ မီးလောင်ထားသကဲ့သို့ တွေ့မြင်ရပြီး နောက်ဆုံးတွင် အပင်များအားလုံးသေသွားသည်ကို တွေ့ရပါသည်။



## ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ

(၁) မီးထောင် ချောက် (Light Trap) များအသုံးပြု၍ ဖြုတ်ညိုပိုးကျရောက်မှုအားကြိုတင်ကင်းထောက်မှတ်တမ်းကောက်ယူပါ။ဖြုတ်ညိုပိုးများ)ကျရောက်လာပါကစိုက်ခင်းဘေးပတ် လည်တွင်မီးထောင် ချောက်များတစ်ကွင်းတစပ်တည်းထွန်းပါ(

(၂) ပတ်ဝန်းကျင်တွင် ပေါင်းမြက်များမရှိစေရ။ အထူးသဖြင့် ဖြုတ်ညိုပိုးများ၏ လက်ခံပင်ဖြစ်သော ဝမ်းဘဲစာမြက်နှင့် မြက်မုံညင်းများအားဖယ်ရှားပါ။

(၃) ယခင်နှစ်ကဖြုတ်ညိုပိုးကျခဲ့သောစိုက်ခင်းကိုမီးရှို့၍ ထယ်ရေး နက်နက်ထိုးပါ။

(၄) လယ်ကွင်းသို့ ရေဆက်တိုက်သွင်းပေးခြင်းမှာ ဖြုတ်ညိုပိုးကျရောက်မှုစေသဖြင့် ရေထုတ် ရေသွင်းပုံမှန်ပြုလုပ်ပေးပါ။

လေလမ်းကြောင်းခွဲပါ။ (၅)

(၆) ခတ်မြေဩဇာ (ယူရီးယား) အားသင့်တော်သောနှုန်းထားဖြင့်ထည့်သွင်းပေးပါ။

(၇) ပိုတတ်ရှ်မြေဩဇာ ကိုမဖြစ်မနေ မှန်မှန်ထည့်ပေးပါ။

(၈) စပါးပင်အုံတအုံတွင်ဖြုတ်ညိုပိုးအကောင်ဦးရေ (၁၀-၁၅) ကောင်တွေ့ပါက စပါး ကွင်းအား ရေထုတ်၍ ပင်လုံးပြန့်ပိုးသတ်ဆေးတမျိုးမျိုးဖျန်းပေးပါ။

(၉) ပိုးသတ်ဆေးများသည် စပါးခင်းအတွင်းရှိ မိတ်ဆွေပိုးများဖြစ်သော (ပင့်ကူ၊ သားရဲကောင်များ၊ အကျိုးပြုနဂါးကောင်များ) အားသေစေနိုင်သဖြင့် ပိုးသတ် ဆေးဖျန်းရန်လိုအပ်ပါကမှန်ကန်သော ပိုးသတ်ဆေးအမျိုးအစားအား ရွေးချယ်၍ သင့်တော်သောနှုန်းထားဖြင့် အချိန်ကိုက်ဖြုတ်ညိုပိုးနေထိုင်ရာ အပင်ခြေရောက်အောင် ပက်ဖျန်းပေးပါ။

(၁၀) မိတ်ဆွေပိုးများလာရောက်စေရန် စပါးစိုက်ခင်းများ၊ ကန်သင်းများတွင် အဝါရောင်နှင့် အဖြူရောင်ပန်းပွင့်သည့် အပင်များစိုက်ပျိုးပေးပါ။

(၁၁) ဖြုတ်ညိုပိုးဒဏ်ခံနိုင်ရည်ရှိသောစပါးမျိုးများဖြင့် အစားထိုးစိုက်ပျိုးပေးပါ။

## အသုံးပြုသင့်သောပိုးသတ်ဆေးများ

- ဒိုင်နိုတီဖျူရန် (**Dinotefuran**)
- ဒိုင်မီသိုရိတ် (**Dimethoate**)
- ဖီနိုဗျူကတ် (**Fenobucarb**)
- သိုင်ရာမီသိုဇမ် (**Thiamethoxam**)

•အီသီပရိုး (**Ethiprole)**

•နိုင်တန်ပိုင်ရန် + ပိုင်မီထရိုဇင်း (**Nitenpyram + Pymetrozine)**

**မှတ်ချက်။** ။ **(**၁) ပိုးသတ်ဆေးယဉ်ပါးမှုများ မဖြစ်ပေါ်စေရန် မတူညီသော ဆေးအုပ်စုများအား အလှည့်ကျသုံးစွဲရန် လိုအပ်ပါသည်။

(၂)ကလိုပိုင်ရီဖော့စ် (**Chlorpyrifos)** ပိုးသတ်ဆေးသည် တားမြစ်ပိုးသတ်ဆေးဖြစ်ခြင်းနှင့် **Resurgence (**ဖျက်ပိုး ဦးရေ ပိုမိုပွား များစေခြင်း) တို့ကြောင့် လုံးဝ အသုံးမပြုပါနှင့်။